The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ (၈)၊ အမှတ် (၅) ဩဂုတ်လ ၃၁၊ ၂၀၂၃

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# သထုံတွင် စစ်တပ်က အရပ်သား(၁)ဦးကို ပစ်သတ်ပြီး နေအိမ်(၃၆)လုံးမှ အဖိုးတန်ပစ္စည်းများကို လုယက်သွား



▶▶▶▶ စာမျက်နှာ (၃) သို့

## INSIDE

ကျိုက်ထိုတွင် စစ်ကြောင်းဝင်လာသဖြင့် ရွာသားများ ညတွင်းချင်း ထွက်ပြေးရ
စာမျက်နှာ (၇) သို့

သံဖြူဇရပ်မြို့နယ်တွင် အသက် (၁၂) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အဓမ္မပြုကျင့်ခံရ
စာမျက်နှာ (၈) သို့

စစ်ကောင်စီတပ်များက ဘုန်းတော်ကြီးကျောင်းများတွင် တပ်စွဲထားသဖြင့် ဒေသခံပြည်သူများ ဥပုသ်လီလ သွားရောက်စောင့်တည်ရန် ကြောက်ရွံ့နေ
စာမျက်နှာ (၁၁) သို့

မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်
စာမျက်နှာ (၁၂) သို့

၂၀၂၃ခုနှစ် (၇) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း
စာမျက်နှာ (၂၀) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

## ရေးမြို့နယ် ကျိုက်မင်ဝကမ်းခြေတွင် (၂) ပတ်အတွင်း လူသေအလောင်း(၆)လောင်း တွေ့



ဩဂုတ် ၃၊ ၂၀၂၃

မွန်ပြည်နယ် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာရှိ ကျိုက်မင်ဝ ပင်လယ်ကမ်းခြေနှင့် အနီးအနားမြစ်ချောင်းများတွင် ပြီးခဲ့သည့် (၂) အတွင်း အမည်မသိရုပ်အလောင်း (၆) လောင်း တွေ့ရှိခဲ့ကြောင်း ကမ်းခြေအနီးရှိ ခြံသမားများထံမှ သိရသည်။

▶▶▶▶ စာမျက်နှာ (၄) သို့

# စစ်ဘေးနှင့် သဘာဝဘေးကြားက မွန်ပြည်သူများ ၂၀၂၃ ဩဂုတ်လအတွက် အယ်ဒီတာ့အာဘော်

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၈) အမှတ် (၅) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံစုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို တင်ပြလျက်ရှိသည်။

၂၀၂၃ ဩဂုတ်လတွင် မြို့နယ် (၁၁) မြို့နယ်မှ လူအခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၄၀) နီးပါးကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။ သတင်းအများစုမှာ အရပ်သားထိခိုက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှုတို့ ဖြစ်သည်။

မွန်ပြည်နယ်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်နှင့်အမျှ လက်နက်ကြီးထိမှန်၍သော်လည်းကောင်း၊ ပစ်ခတ်ဖမ်းဆီးခံရ၍သော်လည်းကောင်း၊ မြေမြှုပ်မိုင်းများကြောင့်သော်လည်းကောင်း အရပ်သားထိခိုက်သေဆုံးမှု မြင့်တက်နေဆဲဖြစ်သည်။ တိုက်ပွဲနှင့်ဆက်စပ်၍သော်လည်းကောင်း မတရားစွပ်စွဲခံရ၍သော်လည်း ဖမ်းဆီးခံရမှုများလည်း ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။

တိုက်ပွဲကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည့်အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်ခြင်းမရှိချေ။ မြေမြှုပ်မိုင်း၊ မလုံခြုံမှုနှင့် သွားလာခွင့်တားမြစ်ခံရမှုတို့ကြောင့် ဥယျာဉ်ခြံများကို စွန့်ပစ်ထားရသဖြင့် စီးပွားရေးအရ ထိခိုက်နစ်နာနေသည်။ သစ်သီးဝလံများ ခိုးယူခံရခြင်း၊ ခြံရှိ သီးပင်စားပင်များ ဖျက်စီးခံရခြင်းတို့ကို ကြုံတွေ့နေရသည်။

တရားဥပဒေစိုးမိုးမှု ပျက်ပြားလာသဖြင့် ခိုးမှု၊ လုယက်မှုတို့လည်း များပြားလာသည်။

စစ်ဘေးအပြင် သဘာဝဘေးကိုလည်း ကြုံတွေ့ခံစားခဲ့ရသည်။ ဩဂုတ်လဆန်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ပြည်သူထောင်ပေါင်းများစွာ ပြောင်းရွှေ့ခဲ့ရသည်။ ကယ်ဆယ်ရေးစခန်းအမြောက်အမြား ဖွင့်လှစ်ခဲ့ရသည်။

စစ်ဘေးနှင့် သဘာဝဘေးကြောင့် မွန်ပြည်သူများ အတိဒုက္ခရောက်နေသော်လည်း စစ်ကောင်စီက ဂရုပြုခြင်းမရှိဘဲ စစ်ကောင်စီခန့် မွန်ပြည်နယ်ဝန်ကြီးချုပ်က စစ်ကောင်စီ၏မူဝါဒအရ လုပ်ကိုင်နေသည့် မွေးမြူရေးခြံများကိုသာ လှည့်ပတ်ကြည့်ရှုနေသည်။

သဘာဝဘေးကြောင့် မြဝတီ-ကော့ကရိတ် ကုန်သွယ်လမ်း ပြတ်တောက်ခဲ့ပြီး ရန်ကုန်-မော်လမြိုင်ကားလမ်းလည်း ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။ ကုန်စည်စီးဆင်းမှု နှောင့်နှေးရပ်တန့်ခဲ့သဖြင့် ကုန်ဈေးနှုန်းများလည်း ရုတ်ချည်းမြင့်တက်လာသည်။

၂၀၂၃ ဩဂုတ်တွင် အရပ်သားထိခိုက်သေဆုံးမှု၊ ဖမ်းဆီးခံရမှု၊ နေရပ်စွန့်ခွာတိမ်းရှောင်ရမှု၊ မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုနှင့် ဥယျာဉ်ခြံလုပ်ငန်းကို စွန့်ပစ်ထားရမှုစသည့် ပြဿနာများအပြင် ကုန်ဈေးနှုန်းရုတ်ချည်းမြင့်တက်လာမှုကိုလည်း ပြည်သူအများ ကြုံတွေ့ခံစားခဲ့ရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်းမှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန်လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၃ ဩဂုတ်လ

# သထုံတွင် စစ်တပ်က အရပ်သား(၁)ဦးကို ပစ်သတ်ပြီး နေအိမ်(၃၆)လုံးမှ အဖိုးတန်ပစ္စည်းများကို လုယက်သွား



**ဩဂုတ် ၁၅၊ ၂၀၂၃**

ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေဖြစ်သည့် သထုံခရိုင်သို့ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်က အရပ်သားပြည်သူ (၁) ဦးကို အကြောင်းမဲ့ပစ်သတ်ခဲ့ပြီး နေအိမ် (၃၆) လုံးမှ အဖိုးတန်ပစ္စည်းများကို လုယက်ယူဆောင်သွားကြောင်း ကရင်အမျိုးသားအစည်းအရုံးဗဟိုက ၂၀၂၃ ဩဂုတ်လ (၁၄) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၃ ဇူလိုင်လ (၂၆) ရက်နေ့တွင် ရွှေရောင်ပြကျေးရွာသို့ ဆိုင်ကယ်ဖြင့်ပြန်လာသူ စောဒေါ်လာကို စစ်တပ်က အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ၎င်း၏ရုပ်အလောင်းကို ဩဂုတ်လ (၈) ရက်နေ့မှသာ ရွာပြင်အနီးတဝိုက်တွင် ပြန်လည်တွေ့ရှိခဲ့သည်။

"စစ်ကြောင်းထိုးလာတဲ့စစ်တပ်ရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျွန်တော်တို့က စာရင်းပြုထားတယ်။ အဆိုးဆုံးကတော့ အရပ်သားတွေကို အကြောင်းမဲ့ပစ်သတ်နေတာပဲ။ နေအိမ်ထဲဝင်ပြီး ရှိသမျှပစ္စည်းတွေ ယူတဲ့အပြင် နေအိမ်တွေကိုပါ ဖျက်စီးသွားတယ်။ သူတို့စစ်ကြောင်းက ဩဂုတ်လ (၆) ရက်နေ့မှာ ပြန်ဆုတ်သွားတယ်" ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ ပြန်ကြားရေးတာဝန်ခံက ပြောသည်။

ခလောက်အင်းကျေးရွာမှ နေအိမ် (၃) လုံးနှင့် ရွှေရောင်ပြကျေးရွာမှ နေအိမ် (၃၃) လုံးတို့ထံမှ အဖိုးတန်ပစ္စည်းများနှင့် အိမ်မွေးတိရစ္ဆာန်များကို စစ်တပ်က ယူဆောင်သွားသည်။ ၎င်းပြင် လက်နက်ကြီးပစ်ခတ်မှုကြောင့် မရမ်းကုန်းကျေးရွာမှ နေအိမ် (၁၀) လုံးထက်မနည်း ထိခိုက်ပျက်စီးခဲ့သည်။

"ဩဂုတ်လ (၁၄) ရက်နေ့အထိ ဘယ်သူမှ အိမ်မပြန်ရဲဘူး။ ရွာပြန်ရင်း စစ်ကြောင်းနဲ့ ထပ်တိုးမှာ ကြောက်နေကြတယ်။ တစ်ချို့က မြို့ပေါ်နဲ့ အနီးအနားက ကျေးရွာတွေကို ပြောင်းသွားကြတယ်။ အများစုကတော့ ဘေးလွတ်ရာပြေးရတာပဲ" ဟု ရွှေရောင်ပြဒေသခံတစ်ဦးက ပြောသည်။

ဇူလိုင်လ (၂၅) ရက်နေ့မှ ဩဂုတ်လ (၆) ရက်နေ့အတွင်း စစ်ကြောင်းထိုးလာသည့်စစ်ကောင်စီတပ်ကြောင့် ကျေးရွာ (၁၀) ရွာမှ ဒေသခံ (၅,၀၀၀) နီးပါး ထွက်ပြေးတိမ်းရှောင်နေရပြီး အရေးပေါ်အကူအညီများလိုအပ်နေသည်။

“

**ဩဂုတ်လ (၁၄) ရက်နေ့အထိ ဘယ်သူမှ အိမ်မပြန်ရဲဘူး။ ရွာပြန်ရင်း စစ်ကြောင်းနဲ့ ထပ်တိုးမှာ ကြောက်နေကြတယ်။ တစ်ချို့က မြို့ပေါ်နဲ့ အနီးအနားက ကျေးရွာတွေကို ပြောင်းသွားကြတယ်။ အများစုကတော့ ဘေးလွတ်ရာပြေးရတာပဲ**

# ရေးမြို့နယ် ကျိုက်မင်ဝကမ်းခြေတွင် (၂) ပတ်အတွင်း လူ့သေအလောင်း



**ဩဂုတ် ၃၊ ၂၀၂၃**

မွန်ပြည်နယ် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာရှိ ကျိုက်မင်ဝ ပင်လယ်ကမ်းခြေနှင့် အနီးအနားမြစ်ချောင်းများတွင် ပြီးခဲ့သည့် (၂) အတွင်း အမည်မသိရုပ်အလောင်း (၆) လောင်း တွေ့ရှိခဲ့ကြောင်း ကမ်းခြေအနီးရှိ ခြံသမားများထံမှ သိရသည်။

ပြီးခဲ့သည့်ဇူလိုင်လ တတိယနှင့် နောက်ဆုံးအပတ်များတွင် အမျိုးသားရုပ်အလောင်း (၃) လောင်းနှင့် အမျိုးသမီးရုပ်အလောင်း (၃) လောင်းသည် မိုးရေနှင့်အတူ ပင်လယ်ထဲသို့ မျောပါလာသည်ဟု ဆိုသည်။

“ဒီရက်ပိုင်းအတွင်း ဒီဘက်မှာ (၅) လောင်း (၆) လောင်းလောက် ရှိပြီ။ ဘယ်ကနေမျောလာတာလဲ မသိပေမဲ့ မသင်္ကာစရာတစ်ခုက တစ်ချို့အလောင်းတွေက ကြိုးတုပ်ခံထားရတာ တွေ့ရတယ်” ဟု ခြံသမားတစ်ဦးက ပြောသည်။

ဇူလိုင်လ (၂၀) ရက်နေ့က ကျိုက်မင်ဝကမ်းခြေအနီးရှိ ခြံတစ်ခြံတွင် ပါးစပ်ကို အဝတ်စည်းကာ လက်နောက်ပြန်ကြိုးတုပ်ထားသည့် ပုပ်ပွနေသော အမျိုးသားရုပ်အလောင်း (၁) လောင်းကို ခြံသမားများက တွေ့ရှိခဲ့သည်။

“ခြံအဝင်ဝမှာ ပုပ်ပွနေတာ။ သွားကြည့်တော့ ပါးစပ်မှာ အဝတ်စည်းထားပြီး လက်နှစ်ဖက်ကို နောက်ပြန်ကြိုးတုပ်ထားတယ်။ ရေနစ်သေတာတော့ မဖြစ်နိုင်ဘူး။ သတ်ဖြတ်ခံရတာ ဖြစ်မယ်။ အလောင်းကိုတော့ မီးသင်္ဂြိုဟ်လိုက်ပြီ” ဟု ဒေသခံတစ်ဦးက ပြောသည်။

ဇူလိုင်လ (၂၄) ရက်နေ့တွင်လည်း ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ ကော့ဆန်းဂဒယ်တောရအနီးရှိ မြစ်ချောင်းများတွင် မိန်းကလေးငယ် (၂) ဦး၏ ရုပ်အလောင်းကို တံငါသည်များ တွေ့ရှိခဲ့ပြန်သည်။

ဇူလိုင်လ (၂၄) ရက်နေ့တွင်ပင် ကော့ဒွတ်ကျေးရွာ ပင်လယ်ကမ်းခြေရှိ ငါးဖမ်းပိုက်တွင် အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ပြန်သည်။

“ကျွန်မယောကျ်ားက ပိုက်သွားသိမ်းတော့ အမျိုးသမီးအလောင်း (၁) လောင်း တွေ့တယ်။ အလောင်းမှာ ရွှေဆွဲကြိုးတစ်ကုံးလည်း ပါတယ်။ ဘယ်သူမှ မကိုင်ရဲလို့ ဒီအတိုင်းထား,ထားရတယ်။ နောက်တော့ ပင်လယ်ရေနဲ့ မျောပါသွားတယ်” ဟု တံငါသည် အမျိုးသမီးတစ်ဦးက ပြောသည်။

ဇူလိုင်လ (၃၁) ရက်နေ့တွင် ပင်လယ်ကမ်းခြေအနီးတွင် ကြိုးတုပ်ထားသည့် အမျိုးသားအလောင်း (၁) တစ်လောင်းကို ထပ်မံတွေ့ရှိခဲ့သည်။

“ကျွန်တော်တို့နှစ်ယောက် ပင်လယ်နားက သူငယ်ချင်းခြံကို သွားလည်ရင်း လမ်းမှာ ကြိုးတုပ်ထားတဲ့ အမျိုးသားအလောင်း (၁) လောင်း တွေ့တယ်။ ဆယ်ကျော်သက်အရွယ်ပဲ။ ဘောင်းဘီတိုဝတ်ထားတယ်။ ခြေနှစ်ချောင်းက သဲသောင်ပြင်မှာ မြုပ်နေတယ်။ ခန္ဓာကိုယ်က နည်းနည်းပုပ်ပွနေပြီ။ အလောင်းတွေ့တော့ ဆက်မသွားရဲတော့ဘဲ ရွာကို ပြန်လှည့်လာလိုက်တယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ရုပ်အလောင်းများ ဆက်တိုက်တွေ့ရှိနေသော်လည်း အနီးအနားတွင် လေ့ သို့မဟုတ် သင်္ဘောနစ်မြုပ်ခြင်း၊ လူပျောက်ဆုံးခြင်း သတင်းများ မကြားသိရကြောင်း ဒေသခံများက ပြောသည်။

# လက်နက်ကြီးကြောင့် သထုံတွင် အရပ်သား(၁)ဦး သေဆုံးပြီး(၄)ဦး ဒဏ်ရာရ



ဩဂုတ် ၃၊ ၂၀၂၃

မွန်ပြည်နယ် သထုံမြို့နယ် ထုံးဘိုလေးကျေးရွာတွင် ပြီးခဲ့သည့် ဇူလိုင်လ (၂၇) ရက်နေ့တွင် စစ်ကောင်စီတပ်က ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် အရပ်သား (၁) ဦး သေဆုံးပြီး (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

သထုံမြို့နယ်အခြေစိုက် ဝိယော်တပ်စခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ပူးပေါင်းတပ်ဖွဲ့က သွားရောက်တိုက်ခိုက်ရာမှ နှစ်ဖက်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပြီးနောက် စစ်ကောင်စီက ထုံးဘိုလေးနှင့် ထို့ကော်ကျိုးကျေးရွာထဲသို့ လက်နက်ကြီးအလုံး (၄၀) ထက်မနည်း ပစ်ခတ်ခဲ့သည်။

“တိုက်ပွဲက နာရီဝက်လောက်ပဲ ရှိမယ်။ တိုက်ပွဲပြီးတာနဲ့ လက်နက်ကြီးစပစ်တော့တာပဲ။ ကောင်လေးတစ်ယောက် ခေါင်းကို ကျည်ထိပြီး သေသွားတယ်။ ဒေသခံတွေကတော့ ပြေးနေကြပြီ” ဟု ထုံးဘိုလေးဒေသခံတစ်ဦးက ပြောသည်။

သေဆုံးသူမှာ အသက် (၁၈) နှစ်အရွယ် စောအဲ့ကော့်ရှီး ဖြစ်ပြီး ပွဲချင်းပြီးသေဆုံးခဲ့ခြင်း ဖြစ်သည်။ အသက် (၁၃) နှစ်အရွယ် နော်အဲ့စိုး အပါအဝင် ဒေသခံ (၄) ဦး ကျည်ထိမှန်ဒဏ်ရာရခဲ့သည်။

ဇူလိုင်လ (၁၅) ရက်နေ့တွင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးလာသည့်အတွက် မိချောင်းအိုင်၊ ခလောက်အင်းနှင့် မရမ်းကုန်းကျေးရွာများမှ ဒေသခံ (၁,၀၀၀) ကျော် နေရပ်စွန့်ခွာ ထွက်ပြေးနေရသည်။

စစ်ကောင်စီစစ်ကြောင်းက ဇူလိုင်လ (၂၆) ရက်နေ့တွင် ဒေသခံ (၂) ဦးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပြီး (၁) ဦးကိုသာ ပြန်လွှတ်ပေးခဲ့သည်။

“တိုက်ပွဲက နာရီဝက်လောက်ပဲ ရှိမယ်။ တိုက်ပွဲပြီးတာနဲ့ လက်နက်ကြီးစပစ်တော့တာပဲ။ ကောင်လေးတစ်ယောက် ခေါင်းကိုကျည်ထိပြီး သေသွားတယ်။ ဒေသခံတွေကတော့ ပြေးနေကြပြီ”

# မြဝတီ ကော့ကရိတ်လမ်းပိုင်း ပြတ်တောက်မှုကြောင့် ကုန်ဈေးနှုန်း ရုတ်တရက်မြင့်တက်၊ ကုန်စည်များပါ ပြတ်လပ်လာဖွယ်ရှိ



ဩဂုတ် ၈၊ ၂၀၂၃

၂၀၂၃ ဩဂုတ်လ (၇) ရက်နေ့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်နံရံများပြိုကျသဖြင့် ထိုင်း-မြန်မာကုန်သွယ်ရေး အဓိကလမ်းကြောင်းဖြစ်သည့် မြဝတီ-ကော့ကရိတ်လမ်းပိုင်း ပျက်စီးပြတ်တောက်သွားခဲ့သည်။

လမ်းပျက်စီးသွားသည့်သတင်းကြောင့် ဩဂုတ်လ (၈) ရက်နေ့တွင် အခြေခံစားသောက်ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်သွားခဲ့သည်။ ရိက္ခာဝယ်ယူသိုလှောင်မှုများကြောင့် ကုန်ပစ္စည်းတစ်ချို့လည်း ပြတ်လပ်သွားခဲ့သည်။

“မြဝတီလမ်းပျက်စီးသွားတဲ့အကြောင်း မနေ့က ကြားတယ်။ ကျွန်မတို့ဆိုင်မှာ စားသုံးဆီတွေ ကုန်နေပြီ။ တစ်ခုခုဖြစ်မယ်ဆို ကုန်ဈေးနှုန်းက တက်မှာကို ပြည်သူက သိနေပြီ။ ထင်တဲ့အတိုင်းပဲ ဒီနေ့တော့ ပုဇွန်တံဆိပ်ဆီအထုပ် တစ်ဖာဈေးက (၅၈,၅၀၀) အထိ ခုန်တက်သွားတယ်။ မနေ့က (၅၂,၀၀၀) ပဲ ရှိတယ်။ လမ်းမပြီးမချင်းတော့ ဈေးတွေ ဒီ့ထက်မက ထပ်တက်ဖို့ရှိတယ်။ ပစ္စည်းတွေလည်း ပြတ်လပ်သွားနိုင်တယ်” ဟု ရေးမြို့နယ်မှ ကုန်စုံဆိုင်ပိုင်ရှင်ဖြစ်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

ကုန်ပစ္စည်းများ ပြတ်တောက်သွားနိုင်သည်ဟုဆိုကာ စားသောက်ကုန်များကို ဈေးတင်ရောင်းချနေသဖြင့် ပြည်သူများမှာ အကြပ်အတည်းဖြစ်နေသည်။

“ဈေးတင်ရောင်းနေကြတာ ကြားလို့တောင် မကောင်းဘူး။ မနေ့ကဈေးနဲ့ ဒီနေ့ဈေး တအားကွာတယ်။ နှစ်ထောင်သုံးထောင်ကနေ သောင်းဂဏန်းအထိ ခုန်တက်သွားတယ်။ ဒီအတိုင်းဆို ပြည်သူတွေလည်း သေကုန်ကြလိမ့်မယ်” ဟု အိမ်ရှင်မတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ဇူလိုင်လနောက်ဆုံးအပတ်ကလည်း စစ်ကောင်စီက နှစ်သောင်းတန်အသစ် ထုတ်ဝေမည့်သတင်းကြောင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်ခဲ့ပြီးဖြစ်သည်။

“အာဏာသိမ်းပြီးကတည်းက လူသုံးကုန်ပစ္စည်းတွေ အကုန်ဈေးတက်နေတာ။ တက်ပြီး ပြန်ကျဖို့ မရှိဘူး။ကျပ်ငွေလည်း တန်ဖိုးမရှိတော့ဘူး။ ပြည်တွင်းမှာလုပ်ပြီး ကျပ်ငွေပဲရတဲ့သူတွေကတော့ စားမလောက်တော့ဘူး” ဟု ကျပန်းလုပ်သားတစ်ဦးက ပြောသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မွန်ပြည်နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသည်။ ဘီးလင်းမြို့အနီးတွင် ရန်ကုန်-မော်လမြိုင်ကားလမ်းကို ရေကျော်နေသဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်နေသည်။

# ကျိုက်ထိုတွင် စစ်ကြောင်းဝင်လာသဖြင့် ရွာသားများ ညတွင်းချင်းထွက်ပြေးရ



ဩဂုတ် ၂၁၊ ၂၀၂၃

စစ်ရေးတင်းမာနေသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းသို့ စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်လာသဖြင့် ကျေးရွာ (၄) ရွာမှ ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ညတွင်းချင်းထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

၂၀၂၃ ဩဂုတ်လ (၁၆) ရက်နေ့ ည (၉) နာရီအချိန်တွင် အင်အား (၁၀၀) ကျော်ခန့်ရှိ စစ်ကြောင်းက လက်နက်ကြီးလက်နက်ငယ်ဖြင့် ပစ်ခတ်ကာ ကျိုက်ထိုမြို့နယ် ဇီးကုန်းကျေးရွာသို့ စစ်ကြောင်းထိုးဝင်ရောက်လာခြင်း ဖြစ်သည်။

ဇီးကုန်းအပါအဝင် အနီးအနားကျေးရွာများဖြစ်သည့် ပိတောက်တော၊ ချမ်းမြေ့နှင့် ကရဝေးဆိပ်ကျေးရွာများမှ ဒေသခံပြည်သူများသည် ဥယျာဉ်ခြံနှင့် တောတောင်များထဲသို့ ညတွင်းချင်းထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

"ညဘက်ကြီး လက်နက်ကြီးကျလာလို့ အကုန်ထွက်ပြေးခဲ့ရတယ်။ ဘာမှတောင် ကောက်လို့မမီဘူး။ မိုးကလည်း ရွာနေတော့ ပိုဆိုးသွားတယ်။ တစ်ချို့တွေဆို အခုထိ မပြန်ရသေးဘူး" ဟု ဇီးကုန်းဒေသခံတစ်ဦးက ပြောသည်။

ကျေးရွာ (၄) ရွာမှ ဒေသခံပြည်သူအယောက် (၁,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ဩဂုတ်လ (၁၈) ရက်နေ့တွင် တိမ်းရှောင်သူအချို့ နေရပ်ပြန်လာကြသော်လည်း အများစုမှာ စစ်ကြောင်းထပ်မံဝင်ရောက်လာမည်ကို စိုးရိမ်သဖြင့် ဆက်လက်တိမ်းရှောင်နေရဆဲဖြစ်ကြောင်း သိရသည်။

# စစ်တပ်ဆေးရုံတွင်ဆေးသွားကုသည့် ပညစ်ရွာသား (၈)ဦးကို



ဩဂုတ် ၁၈၊ ၂၀၂၃

၂၀၂၃ ဩဂုတ်လ (၄) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ တပ်မတော်စစ်ဆေးရုံတွင် ဆေးကုသရန်သွားရောက်သည့် ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ် ပညစ်ကျေးရွာမှ ဒေသခံပြည်သူ (၈) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

ဩဂုတ်လ (၉) ရက်နေ့တွင် ဖမ်းဆီးထားသူအနက်မှ (၄) ဦးကို ပြန်လည်လွှတ်ပေးခဲ့သော်လည်း ကျန်သူများကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားဆဲ ဖြစ်သည်။

"ဦးမြင့်နဲ့ သူ့သမက်ကို စစ်ကြောရေးခေါ်သွားပြီး ဇနီးနဲ့ချွေးမကိုတော့ ထားဝယ်မြို့မရဲစခန်းမှာ ဖမ်းထားတယ်။ ကျန် (၄) ယောက်ကို ပြန်လွှတ်ပေးခဲ့တယ်" ဟု ပညစ်ရွာသားတစ်ဦးက ပြောသည်။

မည်သည့်အကြောင်းကြောင့် ဖမ်းဆီးထားသည်ကို မသိရှိရသည့်အပြင် ဖမ်းဆီးခံရသူများအနေဖြင့် မည်သူနှင့်မျှ တွေ့ခွင့်မရချေ။

ပြီးခဲ့သည့်ဇူလိုင်လ (၂၆) ရက်နေ့တွင်လည်း လောင်းလုံမြို့နယ် အင်းဝန်းတံတားအနီးတွင် ခရီးသွားပြည်သူ (၄) ဦး ဖမ်းဆီးခံခဲ့ရပြီး (၁) ဦးသာ ပြန်လည်လွတ်မြောက်လာသည်။

# ဆေးရုံအနီးတွင် လက်နက်ကိုင်တပ်ဖွဲ့က အဆောက်အဦး ဆောက်လုပ်နေသည့်အတွက် ဒေသခံများ စိုးရိမ်



**ဩဂုတ် ၂၄၊ ၂၀၂၃**

၂၀၂၃ ဩဂုတ်လ (၈) ရက်နေ့မှစတင်၍ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာကျေးရွာရှိ တိုက်နယ်ဆေးရုံအနီးတွင် စစ်တပ်လက်အောက်ခံ ကရင် ထာဝရလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်သည့်အဖွဲ့ (Kayin Ever Peace Army) က အဆောက်အဦးလာရောက်ဆောက်လုပ်နေသဖြင့် ဒေသခံပြည်သူများအကြား စိုးရိမ်မှုမြင့်တက်နေကြောင်း သိရသည်။

"ဆောက်နေတာ (၁) ပတ်လောက် ရှိပြီ။ ဒေသခံတွေကို တစ်ယောက်မှ အသိမပေးဘူး။ စစ်တပ်လက်အောက်ခံ ကရင်စစ်သားစခန်းဖြစ်နေတော့ တိုက်ပွဲဖြစ်လာမှာကို စိုးရိမ်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

တရနာကျေးရွာသည် မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေတွင် တည်ရှိပြီး အဆိုပါအဆောက်အဦးဆောက်လုပ်နေမှုကို ကန့်ကွက်ကြောင်းနှင့် ရပ်တန့်ပေးရန် ဒေသခံများက သထုံခရိုင် မွန်ပြည်သစ်ပါတီ တာဝန်ရှိသူများထံ တင်ပြတောင်းဆိုထားပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများထံသို့လည်း စာတင်ထားကြောင်း သိရသည်။

"အေးအေးချမ်းချမ်းရှိနေတဲ့ရွာမှ လက်နက်ကိုင်အဖွဲ့က အဆောက်အဦးလာဆောက်တယ်။ အဲနေရာက လမ်းသွားလမ်းလာလည်း များတယ်။ မွန်ပြည်သစ်ပါတီက ကူညီပေးမယ် ပြောပေမဲ့ စိတ်အေးလို့ မရဘူး" ဟု တရနာကျေးရွာ ပြည်သူတစ်ဦးက ပြောသည်။

# သံဖြူဇရပ်မြို့နယ်တွင် အသက်(၁၂)နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အဓမ္မပြုကျင့်ခံရ

**ဩဂုတ် ၂၀၊ ၂၀၂၃**

၂၀၂၃ ဩဂုတ်လ (၁၉) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာမှ အသက် (၁၂) အရွယ် မိန်းကလေးငယ်တစ်ဦးကို အသက် (၁၉) နှစ်အရွယ် လူရွယ်အမျိုးသားတစ်ဦးက အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။




မိန်းကလေးငယ်က ဈေးမှနေအိမ်သို့ ပြန်လာစဉ် ကျေးရွာသင်္ချိုင်းကုန်းအရောက်တွင် ကျူးလွန်သူက မိန်းကလေးငယ်ကို ခြံတောထဲသို့ ဆွဲခေါ်သွားပြီး အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။

မိန်းကလေးငယ် နေအိမ်သို့ပြန်ရောက်သည့်အခါတွင် ရွံ့များပေကျံနေသဖြင့် မိခင်ဖြစ်သူက မေးမြန်းရာမှ အဓမ္မပြုကျင့်ခံရသည့်ဖြစ်စဉ်ကို သိရှိခဲ့ခြင်းဖြစ်သည်။

"မုဒိမ်းကျင့်ခံရတာ မှန်ပါတယ်။ ဒါပေမဲ့ သူတို့က ဒီရွာဇာတိ မဟုတ်ဘူး။ အညာကနေလာပြီး ဒီမှာ အလုပ်လာလုပ်ကြတာ။ အဲကောင်လေးကို ရဲစခန်းက လာခေါ်သွားပြီလို့ ကြားတယ်" ဟု ပငရွာသားတစ်ဦးက ပြောသည်။

ကျူးလွန်သူကို သံဖြူဇရပ်မြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၇၃ မုဒိမ်းမှုတို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# တိုက်ပွဲအခြေအနေကြောင့် ခြံများကို ကာလရှည်ကြာ ပစ်ထားရ




ဩဂုတ် ၈၊ ၂၀၂၃

မွန်ပြည်နယ် ရေးမြို့နယ် မော့ကနင်ကျေးရွာအနီးတဝိုက်ရှိ သစ်သီးနှင့်ဥယျာဉ်ခြံများကို တိုက်ပွဲနှင့် မလုံခြုံမှုအခြေအနေများကြောင့် ကာလရှည်ကြာပစ်ထားရကြောင်း ဆိုင်ပိုင်ရှင်များက ပြောသည်။

ဘုရားရွာ၊ ကနင်ကမော့၊ အောင်သာယာနှင့် လိမ္မော်ခြံကျေးရွာများမှ ခြံပိုင်ရှင်များက ၎င်းတို့၏ဥယျာဉ်ခြံသို့ သွားရောက်အလုပ်လုပ်ရန် စိုးရိမ်ကြောက်ရွံ့နေကြသည်ဟု ဆိုသည်။

“မော့ကနင်နဲ့ သံဖြူဇရပ်ကြားက ခြံတွေဆို မသွားရဲကြတော့ဘူး။ တိုက်ပွဲဖြစ်ရင်ဖြစ် မဖြစ်ရင်လည်း လက်နက်ကြီးကျ။ မိုင်းတွေကလည်း ပေါက်ဆိုတော့ ခြံရှင်တွေက သူတို့လုံခြုံရေးကို စိုးရိမ်ပြီး ခြံမသွားကြတော့ဘူး” ဟု မော့ကနင်ကျေးရွာမှ ခြံရှင်တစ်ဦးက ပြောသည်။

ခြံကို ပစ်ထားလိုက်ရသဖြင့် ဆုံးရှုံးမှုများကို နေ့စဉ်ကြုံတွေ့နေရကြောင်းလည်း ခြံရှင်များက ပြောသည်။

“ကိုယ်က ခြံမသွားနိုင်တော့ သစ်သီးတွေ အခိုးခံရတယ်။ အပင်တွေကို ခုတ်ဖြတ်ဖျက်စီးခံရတယ်။ ခြံကတဲတွေကိုတောင် မီးရှို့ဖျက်စီးကြတယ်။ ကိုယ်က ခြံမသွားနိုင်တော့ ခြံပျက်စီးကုန်တာပေ့ါ” ဟု လိမ္မော်ခြံရွာနားက ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

စစ်အုပ်ချုပ်ရေးကြေညာထားသည့် ရေးမြို့နယ်တွင် တိုက်ပွဲများ မကြာခဏဖြစ်ပွားနေပြီး တိုက်ပွဲ၊ လက်နက်ကြီးပစ်ခတ်မှုနှင့် မြေမြှုပ်မိုင်းတို့ကြောင့် အရပ်သားထိခိုက်သေဆုံးမှုများ မကြာခဏဖြစ်ပွားနေသည်။

“

“မော့ကနင်နဲ့ သံဖြူဇရပ်ကြားက ခြံတွေဆို မသွားရဲကြတော့ဘူး။ တိုက်ပွဲဖြစ်ရင်ဖြစ် မဖြစ်ရင်လည်း လက်နက်ကြီးကျ။ မိုင်းတွေကလည်း ပေါက်ဆိုတော့ ခြံရှင်တွေက သူတို့လုံခြုံရေးကို စိုးရိမ်ပြီး ခြံမသွားကြတော့ဘူး”

# ထားဝယ်အရှေ့တောဒေသတွင် စစ်ကြောင်းထိုးနေသည့် စစ်ကောင်စီတပ်က ဒေသခံ(၃)ဦးကို ဖမ်းဆီးသွား



ဩဂုတ် ၂၃၊ ၂၀၂၃

၂၀၂၃ ဩဂုတ်လ (၂၀) ရက်နေ့မှစ၍ တနင်္သာရီတိုင်း ထားဝယ်မြို့နယ် အရှေ့တောဒေသတွင် စစ်ကြောင်းထိုးနေသည့်စစ်ကောင်စီတပ်က ဒေသခံပြည်သူ (၃) ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဩဂုတ်လ (၂၀) ရက်နေ့ မနက်ပိုင်းတွင် ရမ္မဇူရွာသား (၁) ဦးနှင့် သရက်ငုတ်ရွာသား (၁) ဦးတို့ကို ဖမ်းဆီးပြီး စစ်ကြောင်းနှင့်အတူ ခေါ်ဆောင်သွားခဲ့သည်။ ဩဂုတ်လ (၂၁) ရက်နေ့ နံနက်ပိုင်းတွင်လည်း ခြံလုပ်ငန်းလုပ်ကိုင်သူ ဝကုန်ရွာသား (၁) ဦးကို ထပ်မံဖမ်းဆီးခဲ့သည်။

"အဖမ်းခံရသူတွေက အကုန်လုံးခြံသမားတွေချည်းပဲ။ ဒီနေ့ (ဩဂုတ် ၂၃) အထိတော့ ပြန်မလွှတ်သေးဘူး" ဟု ဒေသခံအမျိုးသား (၁) ဦးက ပြောသည်။

ဖမ်းဆီးခံရသူ (၃) ဦးနှင့်ပတ်သက်၍ မည်သည့်သတင်းအစအနမျှ မရရှိသဖြင့် မိသားစုဝင်များက စိုးရိမ်ပူပန်နေသည်။

စစ်ကြောင်းတွင် အင်အား (၁၀၀) ကျော် ပါဝင်ပြီး တိတ်တဆိတ် စစ်ကြောင်းထိုးနေသည့်အတွက် တောထဲရှိ စစ်ရှောင်ပြည်သူများအတွက် စိုးရိမ်ဖွယ်ဖြစ်နေသည်။

နောက်ဆုံးသတင်းများအရ ဖမ်းဆီးခံရသူ (၃) ဦးသည် ဩဂုတ်လ (၂၃) ရက်နေ့ ညနေပိုင်းတွင် စစ်တပ်က ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။ ဖမ်းဆီးသွားသူများကို စစ်လက်နက်ပစ္စည်းများ သယ်ခိုင်းပြီး စစ်ကြောင်းနှင့်အတူ လိုက်ပါစေခဲ့ကြောင်းလည်း သိရသည်။

အဆိုပါစစ်ကြောင်းကြောင့် ရမ္မဇူ၊ သရက်ငုတ်၊ လိပ်ကြွယ်ပြောင်၊ သင်္ကန်းတုံး၊ ဝကုန်းနှင့် ဘဝပင်ရွာမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

“

> "အဖမ်းခံရသူတွေက အကုန်လုံး ခြံသမားတွေချည်းပဲ။ ဒီနေ့ (ဩဂုတ် ၂၃) အထိတော့ ပြန်မလွှတ်သေးဘူး"

# စစ်ကောင်စီတပ်များက ဘုန်းတော်ကြီးကျောင်းများတွင် တပ်စွဲထားသဖြင့် ဒေသခံပြည်သူများ ဥပုသ်လီလ သွားရောက်စောင့်တည်ရန် ကြောက်ရွံ့နေ




ဩဂုတ် ၁၂၊ ၂၀၂၃

ယခုရက်ပိုင်းအတွင်း မွန်ပြည်နယ် ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်အကြားရှိ ကျေးရွာများတွင် စစ်ကောင်စီက တပ်အင်အားဖြည့်တင်းနေပြီး ၎င်း၏တပ်သားများက ဘုန်းတော်ကြီးကျောင်းများတွင် ဝင်ရောက်တပ်စွဲနေရာယူနေကြသည်။

အဆိုပါစစ်ကောင်စီတပ်ဖွဲ့ဝင်များကြောင့် ဝါတွင်းသုံးလ ဥပုသ်သီတင်းစောင့်တည်ကြမည့် ဒေသခံပြည်သူများမှာ ဘုန်းတော်ကြီးကျောင်းသို့ မသွားရောက်ရဲကြချေ။

"ဗမာစစ်သားတွေ ရွာထဲဝင်လာရင် သူတို့က ဘုန်းကြီးကျောင်းမှာပဲ အမြဲနေတယ်။ ခုက အင်အား (၅၀) (၆၀) လောက် ဝင်လာပြီး ကျောင်းအောက်မှာ နေ,နေကြတယ်။ အဲမှာပဲ ချက်ပြုတ်စားသောက်ကြ၊ ညဘက်ဆိုလည်း ကင်းလှည့်။ သူတို့က ဘုန်းကြီးကျောင်းမှာ နေ,နေတော့ ရွာသားတွေက သီလယူဖို့ ဘုန်းကြီးကျောင်းကို မသွားရဲဘူး" ဟု ရေးမြို့နယ်တောင်ပိုင်း ကျေးရွာတစ်ရွာမှ အမျိုးသားတစ်ဦးက ပြောသည်။

စစ်ကောင်စီက အင်အားဖြည့်တင်းလာမှုကြောင့် တိုက်ပွဲဖြစ်မည်ကို စိုးရိမ်ကြသဖြင့် တစ်ချို့ရွာသားများက ကြိုတင်ရှောင်ရှားနေကြသည်။

"ဒီတလောတော့ ဗမာစစ်သားတွေ ကျွန်တော်တို့ဆီကို ရောက်လာတယ်။ မြို့ပေါ်မှာ ဆွေမျိုးအသိရှိတဲ့သူတွေကတော့ မော်လမြိုင်၊ မုဒုံနဲ့ သံဖြူဇရပ်မြို့တွေကို ပြောင်းသွားကြပြီ။ သံဖြူဇရပ်ပြောင်းသွားတဲ့သူတွေဆို မနည်းဘူး။ ကျွန်တော်တို့ဒေသက စစ်မျက်နှာလိုဖြစ်လာတော့ ဟိုဘက်လည်း ကြောက်ရ၊ ဒီဘက်လည်း ကြောက်ရပေါ့။ စစ်ဖြစ်ရင် ပစ်ကြခတ်ကြတဲ့အပြင် လက်နက်ကြီးပါ ကျမှာ။ ဒေသခံရွာသားတွေပဲ ဒုက္ခရောက်တယ်" ဟု သံဖြူဇရပ်မြို့နယ် အထက်ပိုင်းမှ အမျိုးသားတစ်ဦးက ပြောသည်။

ရေး-သံဖြူဇရပ်ကားလမ်းမကြီးကို တော်လှန်ရေးအင်အားစုများက ထိန်းချုပ်ပြီး စစ်ဆေးမှုများ ပြုလုပ်လာပြီးနောက်ပိုင်း စစ်ကောင်စီက တပ်အင်အားဖြည့်တင်းလာခြင်း ဖြစ်ကာ အဆိုပါဒေသတစ်ဝိုက် စစ်ရေးတင်းမာနေကြောင်း သိရသည်။


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

ဇန်နဝါရီလ မှ ဇူလိုင်လအထိ ၂၀၂၃

ကရင်ပြည်နယ် - ၁ ဦး


မွန်ပြည်နယ် - ၇ ဦး

တနင်္သာရီတိုင်းဒေသ- ၁ ဦး





## မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၇)လအတွင်း ဖမ်းဆီးမှု အရေအတွက်


မတရားချုပ်နှောင်မှု နှင့် ဖမ်းဆီးမှု - (၈၂၀) ဦး၊



# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

## မွန်ပြည်နယ် ၊ ကရင်ပြည်နယ်
ဩဂုတ်လ ၂၀၂၃








# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

## တနင်္သာရီတိုင်းဒေသ

ဩဂုတ်လ ၂၀၂၃



# ရေးမြို့နယ်တွင် ခိုးဝှက်မှုများ အဖြစ်များနေသော်လည်း အရေးယူမှု မရှိ




**ဩဂုတ် ၈၊ ၂၀၂၃**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်လမှစ၍ စစ်အုပ်ချုပ်ရေး ကြေညာထားသည့်အပြင် ညမထွက်ရအမိန့်ပါ ထုတ်ပြန်ထားသော်လည်း ခိုးဝှက်မှုများ ပိုမိုဖြစ်ပွားလာကြောင်း ဒေသခံများက မွန်လူထုအသံကို ပြောသည်။

"လူတွေကတော့ ည (၈) နာရီဆို အပြင်ထွက်လို့ မရတော့ဘူး။ သူခိုးတွေကတော့ ထွက်လို့ရနေတဲ့ပုံပဲ။ ခုဆို အိမ်မှာသွယ်ထားတဲ့ မီးကြိုးတွေကအစ အခိုးခံနေရတယ်။ ဘာအရေးယူမှုမှ မရှိဘူး။ ခုလည်း လွတ်ငြိမ်းနဲ့လွတ်လာတဲ့အထဲမှာ သူခိုးနဲ့ ဆေးသမားတွေပဲများတယ်" ဟု ရေးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

သူခိုးများကို ဒေသခံပြည်သူများက ဖမ်းဆီးပြီး သက်ဆိုင်ရာ နယ်မြေရဲစခန်းထံသို့ အပ်နှံခဲ့သော်လည်း နောက် (၃) ရက်အကြာတွင် ပြန်လည်လွှတ်ပေးမှုများ ရှိနေကြောင်း ဒေသခံများက ပြောသည်။

"ခုချိန်က အသီးပေါ်တဲ့အချိန်လေ။ ခြံကို ညအိပ်ညနေ မသွားရဲဘူး။ မနက် (၆) နာရီထိုးပြီးမှ ခြံသွားရတယ်။ အိမ်မှာပဲ အိပ်နေရတယ်" ဟု ရွာသားတစ်ဦးက ပြောသည်။

အာဏာသိမ်ပြီးနောက်ပိုင်း စစ်ကောင်စီက ခြံသွားလာခွင့်ကို တားမြစ်ခဲ့သည့်အပြင် အစားအစာ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ သယ်ဆောင်မှုများကိုလည်း အထူးတင်းကြပ်လာခဲ့ကြောင်း ဒေသခံများက ပြောသည်။

"ခုချိန်က အသီးပေါ်တဲ့အချိန်လေ။ ခြံကို ညအိပ်ညနေ မသွားရဲဘူး။ မနက် (၆) နာရီထိုးပြီးမှ ခြံသွားရတယ်။ အိမ်မှာပဲ အိပ်နေရတယ်"

# ဆေးကုသခွင့်မရသဖြင့် စစ်ရှောင်ကလေးငယ်(၁)ဦး သေဆုံး




ဩဂုတ် ၁၇၊ ၂၀၂၃

တနင်္သာရီတိုင်း ရေဖြူမြို့နယ် နဘုလယ်ကျေးရွာအနီးတဝိုက်တွင် ပြီးခဲ့သည့်ဩဂုတ်လ (၈) ရက်နေ့မှစ၍ စစ်ကောင်စီတပ်က အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းနေသဖြင့် ဒေသခံပြည်သူ (၈,၀၀၀) ထောင် ထွက်ပြေးတိမ်းရှောင်နေရသည်။

အသက် (၁၇) နှစ်အရွယ် ကလေးငယ် (၁) ဦးသည် တောတောင်ထဲတွင် ထွက်ပြေးခိုလှုံနေစဉ် ငှက်ဖျားရောဂါဖြစ်ပွားခဲ့သည်။ လုံလောက်သောဆေးကုသမှု မရရှိသဖြင့် ဩဂုတ်လ (၁၇) ရက်နေ့တွင် သေဆုံးသွားခဲ့ကြောင်း ရေဖြူဒေသခံလူငယ်တစ်ဦးက ပြောသည်။

"အခုလို မိုးတွင်းကာလမှာ စစ်ရှောင်နေရတဲ့သူတွေအတွက် အခက်အခဲအများကြီးရှိတယ်။ အဓိက,ကတော့ စားစရာ၊ အမိုးအကာနှင့် ဆေးဝါးတွေပေါ့။ အဲကလေးကလည်း ငှက်ဖျားဖြစ်နေတာ ဆေးမရှိ ဆေးခန်းမရှိလို့ အသက်ဆုံးတဲ့အထိဖြစ်သွားရတာ" ဟု စစ်ဘေးရှောင်ပြည်သူများအကြောင်း သိရှိသူတစ်ဦးက ပြောသည်။

ရေဖြူမြို့နယ် နဘုလယ်တွင် စစ်ကြောင်းထိုးနေသည့်စစ်တပ်သည် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းတွင် တပ်စွဲထားပြီး အနီးအနားကျေးရွာများရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည့် အပြင် အမျိုးသမီးများအပါအဝင် ဒေသခံပြည်သူ အယောက် (၂၀) ခန့်ကို ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် ခိုင်းစေအသုံးပြုလျက်ရှိသည်။

“

"အခုလို မိုးတွင်းကာလမှာ စစ်ရှောင်နေရတဲ့သူတွေအတွက် အခက်အခဲအများကြီးရှိတယ်။ အဓိက,ကတော့ စားစရာ၊ အမိုးအကာနှင့် ဆေးဝါးတွေပေါ့။ အဲကလေးကလည်း ငှက်ဖျားဖြစ်နေတာ ဆေးမရှိ ဆေးခန်းမရှိလို့ အသက်ဆုံးတဲ့အထိဖြစ်သွားရတာ"

# စစ်ကြောင်းဝင်ရောက်လာသဖြင့် တောင်ပျောက်တိုက် နယ်ဒေသခံများ တိမ်းရှောင်နေရ



**ဩဂုတ် ၂၃၊ ၂၀၂၃**

၂၀၂၃ ဩဂုတ်လ (၂၁) ရက်နေ့ နံနက်ပိုင်းအချိန်တွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် တောင်ပျောက်တိုက်နယ်အတွင်းသို့ စစ်ကောင်စီ၏စစ်ကြောင်း ဝင်ရောက်လာသဖြင့် ဒေသခံအများအပြား ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

တောင်ပျောက်တိုက်နယ် သဲချောင်းကြီးရွာရှိ ရဲစခန်းတွင် စစ်ကောင်စီတပ်သား (၁၀၀) ကျော် ရောက်ရှိနေသဖြင့် ကျွဲခြံ၊ ဝင်းကဖော်၊ အလယ်စု နှင့် ကျောက်အိုင်စသည့်အနီးအနားကျေးရွာ (၄) ရွာမှ ဒေသခံများ ထွက်ပြေးနေရသည်။

"စစ်ကြောင်းထိုးတော့မယ်ဆို သူတို့က သဲချောင်းကြီးရဲစခန်းမှာ အရင်အင်အားစုလေ့ရှိတယ်။ အဲဒါကို သိလို့ မနက်လင်းတာနဲ့ သက်ကြီးရွယ်အိုတွေကို အရင်ရှောင်ခိုင်းခဲ့တယ်။ လက်ရှိမှာတော့ ကျေးရွာ (၄) ရွာလောက် ထွက်ပြေးနေရတယ်" ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ဩဂုတ်လ (၂၁) ရက်နေ့ နေ့လည်ပိုင်းအချိန်တွင်မူ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် စတင်ရမ်းသမ်းပစ်ခတ်နေသည်။

"စစ်ကြောင်းထိုးနေချိန်မှာ လူသားဒိုင်းအနေနဲ့ ဖမ်းတာမျိုးရှိတယ်။ အာဏာသိမ်းပြီး (၂) နှစ်ကျော်ကာလမှာ ကိုယ့်အိုးကိုယ့်အိမ်နဲ့ အေးအေးဆေးဆေး မနေရတော့ဘူး။ စစ်ကြောင်းထိုးပြီးသွားရင် အိမ်ပြန်တယ်၊ ခုလိုမျိုး ပြန်ဝင်လာရင် ပြန်ရှောင်ရပြန်တယ်" ဟု တောင်ပျောက်တိုက်နယ်မှ အမျိုးသမီးတစ်ဦးက ပြောသည်။

“

**"စစ်ကြောင်းထိုးနေချိန်မှာ လူသားဒိုင်းအနေနဲ့ ဖမ်းတာမျိုးရှိတယ်။ အာဏာသိမ်းပြီး (၂) နှစ်ကျော်ကာလမှာ ကိုယ့်အိုးကိုယ့်အိမ်နဲ့ အေးအေးဆေးဆေး မနေရတော့ဘူး။ စစ်ကြောင်းထိုးပြီးသွားရင် အိမ်ပြန်တယ်၊ ခုလိုမျိုး ပြန်ဝင်လာရင် ပြန်ရှောင်ရပြန်တယ်"**

# စစ်ကောင်စီ၏ပစ်ခတ်မှုကြောင့် ပလဒေသခံ(၅)ဦး ထိခိုက်ဒဏ်ရာရ




**ဩဂုတ် ၂၂၊ ၂၀၂၃**

၂၀၂၃ ဩဂုတ်လ (၁၇) နှင့် (၁၈) ရက်နေ့များတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် တနင်္သာရီတိုင်း ပလမြို့မှ ဒေသခံပြည်သူ (၅) ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ကားဖြင့်ကင်းလှည့်စဉ် မိုင်းဆွဲတိုက်ခိုက်ခံရသဖြင့် ရမ်းသမ်းပစ်ခတ်ရာ အရပ်သား (၂) ဦး ကျည်ထိမှန်ခဲ့သည်။ (၁၈) ရက်နေ့တွင်လည်း ပလမြို့အဝင် ဆိုင်းဘုတ်အနီးတွင် အမျိုးသား (၃) ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြန်သည်။

"အဲလူ (၃) ယောက်က ပလမြို့ဆိုင်းဘုတ်နားမှာ ထိုင်နေတာ။ စစ်သားတွေက အဲနားကိုလာတော့ ကြောက်ပြီး ထပြေးတာ။ အဲမှာ သူတို့က လိုက်ပစ်လို့ ကျည်မှန်တာ" ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ထိခိုက်သူများသည် မြိတ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

"ပလမြို့တွင်းမှာလည်း သူတို့ကင်းလှည့်တာနဲ့ ဆုံရင် လာလမ်းအတိုင်း ပြန်ခိုင်းတယ်။ သူတို့တပ်စွဲထားတဲ့နေရာကနေလည်း သေနတ်နဲ့ လျှောက်ပစ်နေတယ်" ဟု ဒေသခံများက ပြောသည်။

လက်ရှိတွင် စစ်ကောင်စီတပ်က ပလမြို့တွင် အင်အားဖြည့်တင်းနေပြီး အကြောင်းမရှိဘဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများလည်း လုပ်ဆောင်လာကြောင်း သိရသည်။

"ပလမြို့တွင်းမှာလည်း သူတို့ကင်းလှည့်တာနဲ့ ဆုံရင် လာလမ်းအတိုင်း ပြန်ခိုင်းတယ်။ သူတို့တပ်စွဲထားတဲ့နေရာကနေလည်း သေနတ်နဲ့ လျှောက်ပစ်နေတယ်"

# ဘီးလင်းတွင် တစ်ပတ်အတွင်း ပြည်သူ(၉)ဦးထိ ဖမ်းဆီးခံရ




**ဩဂုတ် ၄၊ ၂၀၂၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပြီးခဲ့သည့်ဇူလိုင်လနောက်ဆုံးအပတ်တွင် ရွှေလုပ်ငန်းရှင်၊ CDM ဆရာမအပါအဝင် ဒေသခံပြည်သူ (၉) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဇူလိုင်လ (၂၆) ရက်နေ့မှစ၍ ဘီးလင်းမြို့ အမှတ် (၈) ရပ်ကွက်မှ ပြည်သူ (၂) ဦးနှင့် ဆရာစံရပ်ကွက်မှ ပြည်သူ (၃) ဦးတို့ကို စစ်ကောင်စီတပ်၊ ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဖမ်းဆီးခဲ့သည်။ ၎င်းပြင် ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာမှ ဒေသခံ (၄) ဦးကိုလည်း ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံရသူများတွင် မိဘမေတ္တာရွှေဆိုင်ပိုင်ရှင် ကိုဇော်ဝင်းဦး၊ CDM ဆရာမ ဒေါ်အေးအေးခိုင်နှင့် ပုဂ္ဂလိကဘဏ်ဝန်ထမ်း မအိဖြူတို့ ပါဝင်သည်။

"ရွှေဆိုင်ပိုင်ရှင်ကိုဇော်ဝင်းဦးကိုတော့ ငွေနဲ့ပြန်ရွေးဖို့ စစ်ကောင်စီက သူ့ရဲ့မိသားစုဝင်တွေကို အကြောင်းကြားထားတယ်။ ကျန်တဲ့သူတွေကိုတော့ စစ်ဆေးမေးမြန်းမှုတွေ လုပ်နေတယ်လို့ ကြားတယ်" ဟု ဒေသတွင်းသတင်းအရင်းအမြစ်တစ်ဦးက ပြောသည်။

စစ်ဆေးမေးမြန်းနေသည့်ပြည်သူ (၈) ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပြင် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က)ဖြင့် အမှုဖွင့် အရေးယူထားသည်ဟု သိရသည်။

> "ရွှေဆိုင်ပိုင်ရှင်ကိုဇော်ဝင်းဦးကိုတော့ ငွေနဲ့ပြန်ရွေးဖို့ စစ်ကောင်စီက သူ့ရဲ့မိသားစုဝင်တွေကို အကြောင်းကြားထားတယ်။ ကျန်တဲ့သူတွေကိုတော့ စစ်ဆေးမေးမြန်းမှုတွေ လုပ်နေတယ်လို့ ကြားတယ်"

# နဘုလယ်တွင် စစ်ကြောင်းထိုးနေသည့်စစ်တပ်က ဒေသခံများကို ဖမ်းဆီးနေ

**ဩဂုတ် ၁၁၊ ၂၀၂၃**

တနင်္သာရီတိုင်း ရေဖြူမြို့နယ် ထားဝယ်အထူးစီးပွားရေးဇုန် အနီးရှိ နဘုလယ်ဒေသကို စစ်ကောင်စီတပ်က အင်အားအများ အပြားဖြင့် စစ်ကြောင်းထိုးနေပြီး ဒေသခံပြည်သူများကိုလည်း ဖမ်းဆီးနေကြောင်း သိရသည်။

ဩဂုတ်လ (၈) ရက်မှ (၁၀) ရက်နေ့အထိ (၃) ရက်တာကာလ အတွင်း အမျိုးသားအမျိုးသမီး (၁၀) ဦးဖမ်းဆီးခဲ့ပြီး ယခုအချိန် အထိ ပြန်လည်လွှတ်ပေးခဲ့ခြင်း မရှိချေ။

"ထိန်ကြီးရွာသား (၄) ယောက်ကို ချောင်းထဲမှာ ငါးရှာနေ တဲ့အချိန် လာခေါ်သွားတယ်။ မူးဒူးရွာသား (၁) ဦးကတော့ လမ်းပေါ်မှာပဲ အဖမ်းခံလိုက်ရတယ်။ ဝက်ချောင်းမှာလည်း အမျိုးသမီး (၃) ဦးကို ဖမ်းသွားတယ်" ဟု ဒေသခံအမျိုးသား တစ်ဦးက အတည်ပြုသည်။

စစ်ကောင်စီ၏ထိုးစစ်ကြောင့် ဝက်ချောင်း၊ ခမောင်းချောင်း၊ ကေနို၊ မူးဒူး၊ လဲရှောင်၊ ထိန်ကြီး၊ ပရဒတ်စသည့်ကျေးရွာ များမှ ဒေသခံပြည်သူအယောက် (၃,၀၀၀) နီးပါး ထွက်ပြေး တိမ်းရှောင်နေရသည်။



"ပြေးနေရတာ ဒီနေ့ဆို (၃) ရက် ရှိပြီ။ သတင်းကြားကတည်းက ကျွန်တော်တို့ ထွက်ပြေးနေရတယ်" ဟု ခမောင်းချောင်းရွာသား တစ်ဦးက ပြောသည်။

# မြဝတီ-ကော့ကရိတ်လမ်းတွင် ခရီးသည်တင်ကား တိုက်ခိုက်ခံရပြီး (၄) ဦး ဒဏ်ရာရ

**ဩဂုတ် ၂၁၊ ၂၀၂၃**

၂၀၂၃ ဩဂုတ်လ (၂၀) ရက်နေ့တွင် ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ် မြဝတီ-ကော့ကရိတ်လမ်းပေါ်ရှိ ဒေါနသစ္စာစားသောက်ဆိုင် အနီးတွင် ခရီးသည်တင်ကားတစ်စီး လက်နက်ကြီးဖြင့် တိုက်ခိုက်ခံ ရပြီး အရပ်သားပြည်သူ (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသ တွင်းလူမှုကယ်ဆယ်ရေးအဖွဲ့တစ်ခုက ပြောသည်။

"ကားဘေးကို လက်နက်ကြီးကျတာ။ လေးယောက်ဒဏ်ရာရ တယ်။ ဒဏ်ရာတွေကတော့ မစိုးရိမ်ရပါဘူး။ ဘယ်အဖွဲ့က ပစ်တာ လဲတော့ မသိဘူး။ မနက်ပိုင်းကတော့ အပြန်အလှန်ပစ်ခတ်သံတွေ ကြားရတယ်" ဟု လူမှုကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကားပေါ်တွင် ခရီးသည် (၁၅) ဦး ပါလာပြီး ဒဏ်ရာရရှိသူများကို ကော့ကရိတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။



မြဝတီ-ကော့ကရိတ်လမ်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ စစ်ကောင်စီတပ် နှင့် ကရင်နယ်ခြားစောင့်တပ်တို့ စစ်ရေးလှုပ်ရှားလျက်ရှိသည်ဟု သိရသည်။


မွန်ပြည်လူ့အခွင့်အရေးဖောင်းဒေးရှင်းမှ ထုတ်ဝေသသည်။

# ကော့ကရိတ်တွင် စစ်တပ်က ပစ်ခတ်သဖြင့် အရပ်သား (၁)ဦး သေဆုံးပြီး (၂)ဒဏ်ရာရ



**ဩဂုတ် ၂၃၊ ၂၀၂၃**

၂၀၂၃ ဩဂုတ်လ (၁၉) ရက်နေ့ မွန်းတည့်အချိန်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောင်ကြာအင်းတံတား ထိပ်လမ်းအနီး၌ လုံခြုံရေးအင်အားဖြည့်တင်းလာသည့် စစ်ကောင်စီတပ်ကို ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် ပူးပေါင်းတပ်ဖွဲ့တို့က ဒရုန်းဖြင့် သွားရောက်တိုက်ခိုက်ခဲ့သည်။

၎င်းတိုက်ခိုက်မှုကိုတန်ပြန်သောအားဖြင့် စစ်ကောင်စီတပ်က တောင်ကြာအင်းကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အသက် (၅၀) အရွယ် အမျိုးသား (၁) ဦး သေဆုံးခဲ့သည်။

ဩဂုတ် (၂၂) ရက်နေ့ မနက်ပိုင်းတွင် ပြောင်းဖူးစိုက်ခင်းသို့ သွားရောက်နေသည့် ဝေါလေကျေးရွာမှ အမျိုးသမီး (၂) ဦး ကို စစ်ကောင်စီခြေမြန်တပ်ရင်း ခမရ (၅၉၉) က သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ထိခိုက်ဒဏ်ရာရခဲ့သည်။


"အခုဆိုရင် ဘယ်သူမှ အပြင်မသွားရဲတော့ဘူး။ စိုက်ခင်းသွားရင်တောင် လက်နက်ကြီးကျမှာ စိုးရိမ်နေရတာ။ အလုပ်ကလည်း မရှိ၊ ကုန်ဈေးနှုန်းကလည်း ထပ်တက်လာတော့ အကုန်ဒုက္ခရောက်နေပြီ" ဟု ကော့ကရိတ်ဒေသခံတစ်ဦးက ပြောသည်။


၂၀၂၃ ဖေဖော်ဝါရီလတွင် စစ်ကောင်စီက ကော့ကရိတ်မြို့နယ်ကို စစ်အုပ်ချုပ်ရေးကြေညာပြီးနောက်ပိုင်း စစ်ကောင်စီတပ်က လမ်းများကို ဖျက်စီးခြင်းနှင့် သွားလာခွင့်ကန့်သတ်ခြင်းများကို ပြုလုပ်ခဲ့သဖြင့် စားဝတ်နေရေးပြဿနာ ကြီးမားလာခဲ့သည်။

"အခုဆိုရင် ဘယ်သူမှ အပြင်မသွားရဲတော့ဘူး။ စိုက်ခင်းသွားရင်တောင် လက်နက်ကြီးကျမှာ စိုးရိမ်နေရတာ။ အလုပ်ကလည်း မရှိ၊ ကုန်ဈေးနှုန်းကလည်း ထပ်တက်လာတော့ အကုန်ဒုက္ခရောက်နေပြီ"

# ၂၀၂၃ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ( ၇ )လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း


## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်





စစ်ဘေးဒုက္ခသည်= (၃၁၂၇၀) ဦး ၊ ဒဏ်ရာအနာတရ = (၈၄) ဦး ၊ သတ်ဖြတ်မှု = (၄၃) ဦး


**New IDPs - 9500** **New Injured - 10** **New Killed - 7**





စစ်ဘေးဒုက္ခသည်= (၈၅၈၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၁၄၀) ဦး ၊ သတ်ဖြတ်မှု = (၅၅) ဦး

**New IDPs - 25500** **New Injured - 23** **New Killed - 9**




စစ်ဘေးဒုက္ခသည်= (၈၂၃၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၁၇၄) ဦး ၊ သတ်ဖြတ်မှု = (၇၅) ဦး

**New IDPs - 25500** **New Injured - 29** **New Killed - 11**

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

[illegible]

**ပန်းတိုင်**

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်

**ရည်ရွယ်ချက်**

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

[illegible]

ရိုသေလေးစားစွာဖြင့်

ဒါရိုက်တာ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

The official website of Human Rights Foundation of Monland

www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.